# အမေရိကန်နိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု

အမေရိကန်နိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် ရှုပ်ထွေးပြီး အစပိုင်းတွင် နားလည်ရန်ခက်ခဲနိုင်သည်။ သင်၏ ပံ့ပိုးကူညီမှုကွန်ရက်သည် သင့်မေးခွန်းများကို ကူညီဖြေကြားပေးနိုင်ပြီး နောက်ထပ်အချက်အလက်များကို ပေးဆောင်နိုင်ကြောင်း သတိရသင့်သည်။



## အမေရိကန်နိုင်ငံရှိ ကျန်းမာရေးအာမခံကို သိရှိနားလည်ခြင်း

အမေရိကန်နိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုကို ရယူသုံးစွဲခြင်းသည် ဆေးဘက်ဆိုင်ရာကုန်ကျစရိတ်များအတွက် ကူညီပေးသည့် ကျန်းမာရေးအာမခံရှိခြင်းအပေါ်တွင် မူတည်ပါသည်။ ကျန်းမာရေးအာမခံ အမျိုးအစားများစွာရှိပါသည်-

**Medicaid-** နိုင်ငံရွှေ့ပြောင်းဒုက္ခသည်များနှင့် ပြောင်းရွှေ့နေထိုင်သူအသစ်အချို့အပါအဝင် ဝင်ငွေနည်းသောသူများအတွက် အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်နည်းသော ကျန်းမာရေးအာမခံကို ပေးသည့် အစိုးရပရိုဂရမ်တစ်ခုဖြစ်သည်။ သတ်မှတ်ချက်ပြည့်မီမှုသည် ပြည်နယ်အလိုက် ကွဲပြားနိုင်သည်။

**အလုပ်ရှင်မှပေးဆောင်သော အာမခံ-** အလုပ်အများစုသည် ကျန်းမာရေးအာမခံကို အကျိုးခံစားခွင့်တစ်ခုအဖြစ် ပေးဆောင်လေ့ရှိသည်။ သင့်လစာငွေဖြင့် ကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းကို ပေးချေရန် လိုအပ်နိုင်သည်။

**ဈေးကွက်အာမခံ-** သင်သည် Medicaid အတွက် သတ်မှတ်ချက်မပြည့်မီပါက သို့မဟုတ် အလုပ်မှတစ်ဆင့် အာမခံပေးထားခြင်းမရှိပါက သင်သည် အာမခံကို ကျန်းမာရေးအာမခံဈေးကွက်မှတဆင့် ဝယ်ယူနိုင်ပါသည်။ သင့်ဝင်ငွေပေါ် မူတည်၍ ငွေကြေးအကူအညီကို ရရှိနိုင်ပါသည်။

switchboard
connecting resettlement experts

SettleIn

# ကျန်းမာရေးစောင့်ရှောက်မှုပေးဆောင်သည့် နေရာများ

အမေရိကန်နိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးဆောင်သည့်နေရာ အမျိုးမျိုးရှိပါသည်။ အောက်ပါတို့သည် ယေဘုယျအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးဆောင်သည့် နေရာများဖြစ်ပါသည်-

**ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ**တွင် ရောဂါများအတွက် ကာကွယ်ဆေးထိုးနှံပေးကာ တီဘီရောဂါစမ်းသပ်စစ်ဆေးခြင်းနှင့် ကုသခြင်းအပါအဝင် အခြားကြိုတင်ကာကွယ်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများသည် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ပေးသည့် ဝန်ဆောင်မှုများဖြစ်သည်။ များသောအားဖြင့် ချိန်းဆိုမှုတစ်ခုပြုလုပ်ရန် မရှိမဖြစ်လိုအပ်ပါသည်။







**ရပ်ရွာဆေးခန်းများနှင့် ကျန်းမာရေးစင်တာများ** သည် အခြေခံကျန်းမာရေးဝန်ဆောင်မှုများနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်းများကို ဆောင်ရွက်ပေးပါသည်။ အချို့နေရာများတွင် သွားနှင့်ခံတွင်းဆိုင်ရာ စောင့်ရှောက်မှုနှင့် မျက်စိစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ပေးသည်။ အချို့သောမြို့များရှိ ဆေးခန်းများသည် ကိုယ်ဝန်ဆောင်မိခင်များ သို့မဟုတ် HIV/AIDS ဝေဒနာရှင်များကဲ့သို့ သီးခြားလူနာအမျိုးအစားများကို ကုသပေးပါသည်။ ဆေးခန်းများသည် ပုဂ္ဂလိကအာမခံနှင့် Medicaid (ဝင်ငွေနည်းသူများအတွက် အစိုးရအာမခံ) တို့ကို လက်ခံပြီး လူနာ၏ငွေကြေးပေးဆောင်နိုင်မှုအပေါ် အခြေခံ၍ အခကြေးငွေတောင်းခံမည်ဖြစ်ပါသည်။

**ပုဂ္ဂလိကဆရာဝန်များ**သည် အထွေထွေရောဂါကုဆရာဝန်များ သို့မဟုတ် အထူးကုဆရာဝန်များဖြစ်သည်။ အထွေထွေရောဂါကုဆရာဝန်များသည် နှစ်စဉ် ဆေးစစ်ခြင်းအပါအဝင် အထွေထွေကျန်းမာရေးစောင့်ရှောက်မှုကို ပေးဆောင်ပါသည်။ *အထူးကုဆရာဝန်များ*သည် ဆေးပညာနယ်ပယ်တစ်ခုတွင်သာ လုပ်ကိုင်ကြသည်။ အချို့သော အထူးကုဆရာဝန်များသည် အမျိုးသမီးများ သို့မဟုတ် ကလေးများကဲ့သို့ အချို့အုပ်စုများကို ကုသပေးနိုင်ပါသည်။ အခြားသော အထူးကုဆရာဝန်အမျိုးအစားများသည် နှလုံး၊ မျက်လုံး သို့မဟုတ် ခြေဖဝါးများကဲ့သို့သော ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခု သို့မဟုတ် ကိုယ်တွင်းစနစ်တစ်ခုကို အထူးပြု၍ကုသပေးနိုင်ပါသည်။

ပုဂ္ဂလိကဆရာဝန်တစ်ဦးနှင့် ပြသရန် ရက်ချိန်းတစ်ခု ကြိုတင်ချိန်းဆိုရန်လိုအပ်ပါသည်။ ပုဂ္ဂလိကဆရာဝန်နှင့် မပြသမီ သင်သည် ဝန်ဆောင်မှုအတွက် ပေးချေနိုင်ကြောင်း သို့မဟုတ် သင့်တွင် အာမခံရှိကြောင်း ပြသရန် လိုအပ်ပါသည်။ သင့်တွင်အာမခံရှိသည့်တိုင် သင်လာရောက်ပြသချိန်တွင် ပူးတွဲပေးချေမှု သို့မဟုတ် အခကြေးငွေအနည်းငယ် (ဥပမာ ဒေါ်လာ ၂၀ မှ ဒေါ်လာ ၅၀) ကို ပေးဆောင်ရန် လိုအပ်နိုင်ပါသည်။

သင့်တွင်အာမခံမရှိပါက ပုဂ္ဂလိကဆရာဝန်တစ်ဦးနှင့်ပြသသည့် ကုန်ကျစရိတ်သည် အလွန်မြင့်မားနိုင်ပြီး တစ်ခါတစ်ရံတွင် လာရောက်ပြသမှုတစ်ခုလျှင် ဒေါ်လာရာနှင့်ချီ၍ရှိနိုင်သည်။ ထိုအခြေအနေမျိုးတွင် ရပ်ရွာကျန်းမာရေးဆေးခန်းများ သို့မဟုတ် သင့်ဝင်ငွေအပေါ်အခြေခံ၍ ပိုမိုသက်သာသောစရိတ်စကဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဝင်ငွေအခြေခံဆေးခန်းများကို ရှာဖွေသင့်ပါသည်။

**ဆေးရုံများ**သည် ဆေးစစ်မှု သို့မဟုတ် ကုသမှုလုပ်ငန်းစဉ်များ (ဥပမာ၊ ကုထုံးများ သို့မဟုတ် ခွဲစိတ်မှု) ခံယူရန် လိုအပ်သော အထူးကျန်းမာရေးပြဿနာများဖြင့် လူနာများအတွက်ဖြစ်သည်။ ပုံမှန်အားဖြင့် သင့်ဆရာဝန်သည် သင့်အား ဆေးရုံတက်ရန် ညွှန်းပေးမည် သို့မဟုတ် သင်သည်အရေးပေါ်ခန်းတစ်ခုသို့ ရောက်ရှိပြီးသွားပါက သင့်အားဆေးရုံတင်မည်ဖြစ်သည်။ ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုသည် ဈေးကြီးပြီး ဆေးရုံမတက်မီ သင့်အား ဝန်ဆောင်မှုအတွက် ပေးချေနိုင်ကြောင်း သို့မဟုတ် အာမခံရှိကြောင်း အထောက်အထားပြသရန် တောင်းဆိုနိုင်ပါသည်။ သို့သော် ဆေးရုံရှိအရေးပေါ်ခန်းများတွင်မူ ငွေမပေးချေနိုင်ခြင်းကြောင့် ဝန်ဆောင်မှုပေးရန် ငြင်းဆိုခြင်းမျိုး မပြုလုပ်နိုင်ပါ။

**အရေးပေါ်ကုသရေးဆေးခန်းများ** ကို အချို့သောရပ်ရွာအသိုင်းအဝိုင်းများတွင် ပြသနိုင်ပါသည်။ အဆိုပါဆေးခန်းများသည် ဖျားနာခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း စသည့် အရေးပေါ်ကုသရန်လိုအပ်ပြီး အရေးပေါ်ခန်းသို့ သွားရောက်ရန်အထိ မလိုအပ်သည့် အခြေအနေများအတွက်ဖြစ်သည်။ ရက်ချိန်းချိန်းဆိုရန် မလိုအပ်ပါ။




အရေးပေါ်ကုသရေးဆေးခန်းများတွင် ကုသပေးသည့် အခြေအနေများတွင် ပါဝင်သည့် ဥပမာများမှာ-

- အသေးစားပြတ်ရှဒဏ်ရာ သို့မဟုတ် အသေးစားမီးလောင်ဒဏ်ရာများ
- အဆစ်လွဲခြင်း သို့မဟုတ် အကြောတင်ခြင်းများ
- ဖျားခြင်း သို့မဟုတ် တုပ်ကွေးလက္ခဏာများ
- နားတွင်းပိုးဝင်ခြင်း
- လည်ချောင်းနာခြင်း သို့မဟုတ် ချောင်းဆိုးခြင်း
- ဆီးလမ်းကြောင်းပိုးဝင်ခြင်းများ

switchboard
connecting resettlement experts

SettleIn

**အရေးပေါ်ခန်းများ**သည် ဆေးကုသမှု ချက်ခြင်းခံယူရန် လိုအပ်သော ရုတ်တရက်ပြင်းထန်သည့် ကျန်းမာရေးပြဿနာများအတွက်ဖြစ်သည်။ ဥပမာများတွင် ပါဝင်သည်များမှာ-

- ရင်ဘတ်အောင့်ခြင်း သို့မဟုတ် အသက်ရှူရခက်ခဲခြင်း
- မတော်တဆမှုတစ်ခုကြောင့် ပြင်းထန်စွာသွေးထွက်ခြင်း သို့မဟုတ် ပြင်းထန်သောဒဏ်ရာများ
- လေဖြတ်ခြင်း၏ လက္ခဏာများ (ဥပမာ- ရုတ်တရက် ထုံကျင်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း သို့မဟုတ် စကားပြောရခက်ခဲခြင်း)
- မွေးကင်းစကလေး သို့မဟုတ် ကလေးငယ်တွင် အဖျားကြီးခြင်း
- ပြင်းထန်သော ဓာတ်မတည့်ဝေဒနာများ
- အရိုးကျိုးခြင်း သို့မဟုတ် နက်နဲသောပြတ်ရှဒဏ်ရာများ




အရေးပေါ်ခန်းများသို့ သွားရောက်ရာတွင် ကြိုတင်ရက်ချိန်းချိန်းဆိုရန် မလိုအပ်သော်လည်း ၎င်းတို့သည် အလုပ်များသောနေရာများဖြစ်ပြီး သင့်ကျန်းမာရေးပြဿနာသည် မပြင်းထန်ပါက အချိန်အကြာကြီးစောင့်ဆိုင်းရနိုင်ပါသည်။ အရေးပေါ်ခန်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှုသည် အလွန်စျေးကြီးသည်။ သင့်ပြဿနာသည် အရေးပေါ်အခြေအနေတစ်ခုမဟုတ်ပါက ဆေးခန်း သို့မဟုတ် ဆရာဝန်၏ရုံးခန်းတွင်သာ ရက်ချိန်းယူသင့်ပါသည်။


## သင်၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများ

အမေရိကန်နိုင်ငံတွင် သင်သည် အရေးကြီးသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးနှစ်ခုရှိမည်ဖြစ်သည်။ ၎င်းတို့မှာ သင်သည် စကားပြန်ဝန်ဆောင်မှု ရယူပိုင်ခွင့်နှင့် လျှို့ဝှက်ထားပိုင်ခွင့်တို့ ဖြစ်သည်။ သင်ရက်ချိန်းတစ်ခုချိန်းဆိုသည့်အခါ သို့မဟုတ် အရေးပေါ်ကုသမှုအတွက် လာရောက်ပြသသည့်အခါ စကားပြန်တစ်ဦး လိုအပ်ကြောင်း ဆေးရုံ သို့မဟုတ် ဆေးခန်းဝန်ထမ်းများအား ပြောပြပါ။ သင်နှင့် သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူ ကြားတွင် ဖြစ်ပျက်လာသမျှ အရာအားလုံးကို ဥပဒေအရ လျှို့ဝှက်ထားရမည်ဖြစ်သည်။ သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် သင့်ခွင့်ပြုချက်မရှိဘဲ သင့်မိသားစု၊ သင့်သူငယ်ချင်းများ သို့မဟုတ် သင့်အလုပ်ရှင်အား သင့်ကျန်းမာရေးအခြေအနေကို ပြောပြ၍မရပါ။

## ကျန်းမာရေးဆိုင်ရာ အမေရိကန်အယူအဆများ

အမေရိကန်နိုင်ငံသား အများစုသည် တစ်နှစ်လျှင် တစ်ကြိမ် ဆေးစစ်ရန် ဆရာဝန်နှင့် ပြသပြီး ကျန်းမာရေးပြဿနာများ မပြင်းထန်မီတွင် သိရှိအောင် ဆောင်ရွက်လေ့ရှိသည်။ သူတို့သည် သွားနှင့်ပတ်သတ်သည့် ပြင်းထန်သောဝေဒနာများကို ကြိုတင်ကာကွယ်ရန် တစ်နှစ်လျှင် နှစ်ကြိမ် သွားဆရာဝန်ထံသွား၍ သွားသန့်ရှင်းရေးလုပ်လေ့ရှိသည်။

## သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး



အမေရိကန်နိုင်ငံသားအများစုသည် နေ့တိုင်းရေချိုးခြင်း၊ တစ်နေ့လျှင် နှစ်ကြိမ်သွားတိုက်ခြင်း၊ မကြာခဏခေါင်းလျှော်ခြင်း၊ အနံ့အသက်ပျောက်ဆေးကို တစ်နေ့တစ်ကြိမ် အသုံးပြုခြင်းနှင့် အဝတ်များကို မကြာခဏလျှော်ဖွပ်ခြင်းတို့ ပြုလုပ်ကြသည်။  စတိုးဆိုင်များတွင် လူများကို ညစ်ညမ်းပုံပေါ်စေခြင်းမှ ကင်းဝေးရန် သို့မဟုတ် ချွေးအနံ့ဆိုးများထွက်ခြင်းမှ ကင်းဝေးစေရန် ကူညီပေးသည့် ကုန်ပစ္စည်းအမျိုးအစားများစွာကို ရောင်းချပေးပါသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးသည် အလုပ်အကိုင်တစ်ခုရရှိရန်နှင့် ထိန်းသိမ်းရာတွင် အထူးအရေးကြီးပါသည်။

## သင့်လျော်သောအာဟာရ

သင့်လျော်သော အာဟာရဆိုသည်မှာ ခန္ဓာကိုယ်ကျန်းမာစေရန်အတွက် မှန်ကန်သော အစားအစာများကို စားသုံးခြင်းဖြစ်သည်။ ၎င်းသည် မကြာခဏနှင့် ပမာဏများများစားသုံးပါက ကျန်းမာရေးပြဿနာများနှင့် ပြင်းထန်သောနာမကျန်းမှုများဖြစ်စေနိုင်သော အစားအစာများကို အကန့်အသတ်ဖြင့် စားသုံးခြင်းကိုလည်း ဆိုလိုသည်။ ထိုကဲ့သို့သော အစားအစာများတွင် သကြား၊ ဆား သို့မဟုတ် အဆီဓာတ်များသော အစားအစာများ (ဥပမာ၊ ကြော်ထားသော အစားအစာများ၊ အချိုပွဲများနှင့် ဆိုဒါများ) ပါဝင်သည်။

## စိတ်ကျန်းမာရေးစောင့်ရှောက်မှု

စိတ်ကျန်းမာရေးသည် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကဲ့သို့ အရေးကြီးသည်ဟု အမေရိကန်နိုင်ငံသားများက ယုံကြည်ကြသည်။ စိတ်ကျန်းမာရေးဆိုသည်မှာ ဘဝတစ်လျှောက် ရင်ဆိုင်ဖြတ်သန်းရာတွင် သင်ခံစားရသည့်ပုံ၊ တွေးခေါ်ပုံနှင့် ပြုမူပုံတို့ကို ရည်ညွှန်းပါသည်။ ၎င်းသည် စိတ်ဖိစီးမှုအား ကိုင်တွယ်ထိန်းချုပ်ပုံကိုလည်း ရည်ညွှန်းပါသည်။

ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုတွင် လိုအပ်သည့်အခါ စိတ်ကျန်းမာရေးပညာရှင်၏ ကုသမှုခံယူခြင်းလည်း ပါဝင်သည်။ ဘဝက ခက်ခဲလွန်းပြီး နေ့စဉ်လုပ်ငန်းဆောင်တာများအား ကိုင်တွယ်လုပ်ဆောင်နိုင်ခြင်း မရှိတော့ဘူးလို့ ခံစားရသည့်အခါ စိတ်ကျန်းမာရေးဝန်ဆောင်မှုများကို ရှာဖွေခံယူသင့်ပါသည်။

အမေရိကန်နိုင်ငံ၏ ဥပဒေများသည် မသန်စွမ်းသူများကို အကာအကွယ်ပေးထားကာ ကူညီပေးပါသည်။ မသန်စွမ်းသူများအတွက် ကျန်းမာရေးအာမခံနှင့် ငွေသားအကူအညီများကိုလည်း ပေးဆောင်ထားပြီး နိုင်ငံသို့ အသစ်ရွှေ့ပြောင်းနေထိုင်လာသူများသည် အဆိုပါအကျိုးခံစားခွင့်များကို လျှောက်ထားနိုင်မည်ဖြစ်သည်။

## Settle In ဟူသည်

Settle In ဟူသည်မှာ နိုင်ငံသစ်သို့ပြောင်းရွှေ့လာသူများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိ၍၊ တုံ့ပြန်နိုင်မှုမြင့်မားပြီး၊ ယုံကြည်ရသည့် အမေရိကန်နိုင်ငံနှင့်စပ်လျဉ်းသော သတင်းအချက်အလက် များကို မျှဝေပေးသောယုံကြည်ရသည့်ရင်းမြစ်တစ်ခုဖြစ်သည်။ ဘာသာစကားအမျိုးမျိုးဖြင့် အသုံးပြုနိုင်သည့် Settle In ၏ဒီဂျစ်တယ်ပလက်ဖောင်းက အမေရိကန်နိုင်ငံအတွင်းရှိ ဘဝနေထိုင်မှုပုံစံကို ပိုမိုလွယ်ကူစေရေးအတွက် နေရာသစ်သို့အခြေချလာသူများကို ပံ့ပိုးပေးရန် လိုအပ်သည့်ရင်းမြစ်များ၊ လမ်းညွှန်မှုနှင့် ဘာသာစကားအမျိုးမျိုးဖြင့် ပံ့ပိုးမှုများကို ဆောင်ကျဉ်းပေးလျက်ရှိသည်။

## Switchboard ဟူသည်

Switchboard သည် အမေရိကန်နိုင်ငံရှိ ဒုက္ခသည်ဝန်ဆောင်မှု ပေးသူအဖွဲ့အစည်းများအတွက် တစ်နေရာတည်းအပြီး အသုံးပြုနိုင်သည့် အရင်းအမြစ်စင်တာတစ်ခုဖြစ်ပြီး၊ ပြန်လည်နေရာချရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာ များနှင့်ဆက်စပ်သော အသုံးပြုစရာနည်းလမ်းများ၊ သင်ကြားမှုအခွင့်အလမ်းများ၊ နည်းပညာဆိုင်ရာ အကူအညီများကို ဖော်ပြပေးထားပါသည်။

Switchboard ကို ဒုက္ခသည်ပြန်လည်နေရာချထားရေးရုံး (ORR - Office of Refugee Resettlement) မှ ငွေထောက်ပံ့ပေးပြီး၊ နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ (IRC - International Rescue Committee) က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

IRC သည် အမေရိကန်နိုင်ငံ၏ ကျန်းမာရေးနှင့် လူထုဝန်ဆောင်မှုဦးစီးဌာန (U.S. Department of Health and Human Services)၏ ကလေးသူငယ်များနှင့် မိသားစုများအတွက် စီမံခန့်ခွဲရေးအစီအစဉ် (Administration for Children and Familied) မှတဆင့်ပေးအပ်သော အများနှင့်ယှဉ်ပြိုင်ရသည့် ငွေထောက်ပံ့မှုအစီအစဉ် (Grant #90RB0053) ကို ရရှိခဲ့ပါသည်။ ဤစီမံကိန်းကို ဖက်ဒရယ်အစိုးရပိုင်ရန်ပုံငွေများဖြင့် ၁၀၀ ရာခိုင်နှုန်း ထောက်ပံ့ပေးထားခြင်းဖြစ်သည်။

ဤစာတမ်းပါအကြောင်းအရာများသည် စာရေးသူတို့၏ တစ်ဦးတည်းသောတာဝန်သာဖြစ်ပြီး၊ အမေရိကန်နိုင်ငံ၏ ကျန်းမာရေးနှင့် လူထုဝန်ဆောင်မှုဦးစီးဌာန (U.S. Department of Health and Human Services)၏ ကလေးသူငယ်များနှင့် မိသားစုများအတွက် စီမံခန့်ခွဲရေးအစီအစဉ် (Administration for Children and Familied) ၏ တရားဝင်အမြင်သဘောထား များကို သေချာပေါက် ကိုယ်စားမပြုပါ။

switchboard
connecting resettlement experts

SettleIn